## ၁၅။ လှေးကျိုင်း

**Striped bean flea beetle: *Medythia suturalis* (Motschulsky, 1858)**

**Coleoptera: Chrysomelidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



အကောင်ကြီးမှာအနက်ရောင်ကျောချပ်ရှိပြီး(၂.၈)မီလီမီတာ ခန့်ရှည်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ပိုးလောက်ကောင်နှင့် အကောင်ကြီးများသည် နံနက်စောစောနှင့် ညနေအေးချိန်တွင် ပဲရွက်များကို ကိုက်ဖြတ်စားသောက်သည်။ ဖျက်ဆီးခံရသောပဲရွက်များတွင် ညီညာဝိုင်းစက် သောစက်ဝိုင်းပုံအပေါက်များ ဖြစ်နေသည်ကိုတွေ့ရသည်။

**ဘဝစက်ဝန်း**

ဥ မှ အကောင်ကြီး               -(၃-၄)ပတ်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ရုပ်ဖုံးများသေစေရန်ထယ်ထိုး၊ထွန်မွှေခြင်းပြုလုပ်ပါ။

(၂) ပေါင်းမြက်များရှင်းလင်းပါ။

(၃)မိုးလာဥပင်အားထောင်ချောက်သီးနှံအဖြစ်စိုက်ပျိုးပါ။

(၄)ကျရောက်မှုများပါကထိသေ၊စားသေပိုးသတ်ဆေးတစ်မျိုးမျိုးအားဆေးအညွှန်း အတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda-cyhalothrin)
- ဆိုင်ပါမီသရင် (Cypermethrin)
- ဒယ်လ်တာမီသရင်(Deltamethrin)
- ဒိုင်ယာသိုမေးရှပ်အက်သ်(Diatomaceous earth (DE)